# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး

# တတိယနေ့ အစီအစဉ်

# [ ၂၀–၁–၂၀၁၄ ] (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးအူးရယ်၊ ဖရူဆို မဲဆန္ဒနယ်၏ **အစိုးရဌာနဆိုင်ရာများတွင် လုပ်သက် (၁၀)နှစ်နှင့် အထက်ရှိပြီး အပြစ်မရှိဘဲ အကြောင်း အမျိုးမျိုးကြောင့် နုတ်ထွက်ခဲ့ကြရသော နိုင်ငံ့ဝန်ထမ်းဟောင်းများအား ပင်စင် လစာ ခံစားခွင့် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဒေါ်တင်တင်ရီ၊ ကျွန်းစု မဲဆန္ဒနယ်၏ **ပင်စင်စားဝန်ထမ်းများသည် ပင်စင်လဲလှယ်ခွင့်ရရှိပြီး လဲလှယ်သည့်နှစ် စေ့ရောက်ပြီးကာလ၌ မူလပင်စင်လစာများကို ပြန်လည်ခံစားခွင့်ရှိ/မရှိနှင့် နိုင်ငံရေးအရ ပြစ်ဒဏ်ကျခံပြီးသော ပင်စင်စားဝန်ထမ်းများ၏ ပင်စင်လစာ ခံစားခွင့်ကို ပြန်လည်လျှောက်ထားခွင့် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်၏ **၁၉၇၄ ခုနှစ်၊ ဝင်ငွေခွန် ဥပဒေပုဒ်မ–၄၃ ၌ ပြဋ္ဌာန်းထားချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဃ) ဒေါ်နန်းဝါနု၊ ကွန်ဟိန်း မဲဆန္ဒနယ်(ကိုယ်စား) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **ပြည်ထောင်စုအစိုးရအဖွဲ့မှ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ခွဲဝေပေးသည့် ဖွံ့ဖြိုးရေးရန်ပုံငွေ သန်း(၁၀၀၀)** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးမြင့်စိုး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **ပြည်သူများအခွန်ထမ်းဆောင်စေလိုစိတ် မြင့်မားလာစေရန် ပိုမိုကောင်းမွန်ထိရောက်သော အခွန်ကောက်ခံသည့်စနစ် ဖြစ်ပေါ်လာစေရေးအတွက် ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(စ) ဦးအောင်ကြိုင်၊ ညောင်ဦး မဲဆန္ဒနယ်၏ **ကျေးရွာများ မီးလင်းရေး၊ မြစ်ရေတင်စီမံကိန်းများမရပ်ရေး၊ မီတာထိန်းသိမ်းစောင့်ရှောက်ခများ သက်သာစေရေးတို့ကို ရေးရှု၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ထရန်စဖော်မာများအား ကိုင်တွယ်၍ လျှပ်စစ်ဓာတ်အား ပေးနိုင်/မပေးနိုင်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးအေး၊ ဟုမ္မလင်း မဲဆန္ဒနယ်၏ **ဟုမ္မလင်းမြို့နယ်တွင် တည်ဆောက်မည့် ထမံသီရေအားလျှပ်စစ် စီမံကိန်းကို ရပ်ဆိုင်းခြင်းမှာ ယာယီ(သို့) အပြီးတိုင် ဖျက်သိမ်းခြင်းဖြစ်ပါသလားနှင့် ပြောင်းရွှေ့ခံ လယ်သမားများကို ၎င်းတို့လယ်ယာများအား ပြန်လည်လုပ်ကိုင်ခွင့်ရရန် စီစဉ်ပေးနိုင်ခြင်းရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဓ) ဦးအောင်သိန်း၊ ရှာင် မဲဆန္ဒနယ်(ကိုယ်စား) ဦးဝင်းဆွေ၊ ညောင်ရွှေ မဲဆန္ဒနယ်၏ **ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းရှိ ပင်းတယ မြို့နယ်နှင့် ရှာင်မြို့နယ်အတွင်း JICA မှ ODA Loan ဖြင့် ကျေးရွာ ၁၁ ရွာ၊ ဓာတ်အား ရရှိရေးအတွက် မည်သည့်အချိန်နှင့် မည်သို့ မည်ပုံသုံးစွဲရန် လျာထားသည်တို့ကို သိရှိလိုခြင်းနှင့် ကျေးရွာ မီးလင်းရေးကော်မတီများ ဝန်ခံကတိပြု စာချုပ်ပါအချက် ၂၄ ချက် အနက် ခေတ်ကာလနှင့်အညီ ဖြစ်စေရေးအတွက် ပြင်ဆင် ပြဋ္ဌာန်း သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ နိုင်ငံခြားရေးဝန်ကြီးဌာနက **"သံအမတ်ကြီးများဆိုင်ရာ ဥပဒေကြမ်း"** ကို တင်သွင်းခြင်း။

၇။ **" သံအမတ်ကြီးများဆိုင်ရာ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ က အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း။

၈။ နိုင်ငံခြားရေးဝန်ကြီးဌာနက တင်သွင်းသည့် **" သံအမတ်ကြီးများဆိုင်ရာ ဥပဒေကြမ်း"**ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၉။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပေးပို့လာသော **"စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန် အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။